# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၁–၉–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၁ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးနှင့် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း –

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၉–၈–၂၀၁၄ မှ ၂၆–၈–၂၀၁၄ ရက်နေ့အထိ အိန္ဒိယနိုင်ငံသို့ လွှတ်တော်လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃၁-၈-၂၀၁၄ မှ ၇-၉-၂၀၁၄ ရက်နေ့ အထိ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၅-၉-၂၀၁၄ မှ ၉-၉-၂၀၁၄ ရက်နေ့ အထိ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်၊

၈။ မကွေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ကွယ်လွန် အနိစ္စရောက်ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း၊

၉။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၏ **နေ့ကလေးထိန်းဌာန များနှင့် မူလတန်းကျောင်းများတွင် နိုင်ငံတော် အစီအစဉ်ဖြင့် အာဟာရကျွေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုးနိုင်၊ ဖျာပုံ မဲဆန္ဒနယ်၏ **မွေးမြူရေးအစာများ သင့်တင့်သော ဈေးနှုန်းဖြင့် ရရှိနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု၊ ရေတို ရေရှည်လိုအပ်မှု၊ ဈေးနှုန်းတည်ငြိမ်မှု၊ ပြည်ပတင်ပို့ရောင်းချမှု နှင့် ပြည်တွင်းတင်သွင်းမှုအခြေအနေများနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှု ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းပေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်ရှိ ဟိုနမ့်-ထီတခေါ့-ဖာစန်း၊ ဟိုနမ့်-ခူးဝိန်း-နောင်ဗိုလ်၊ အနောက် ပူယာစန်း-ပုန်းအောင်-ထီပျဉ်-ပန်းတန် မြေသားလမ်းတို့အား ကျောက်ချောခင်းပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးသန့်ဇင်၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **Market Development Criteria ကို အတိအကျ Commitment သတ်မှတ်ပေးပြီး ၎င်းအတိုင်း မလုပ်ဆောင်ပါက လိုင်စင်ရုပ်သိမ်းနိုင်သည်အထိ စည်းကမ်းချက်များ ပါဝင်မှု ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ဟောင်းနွမ်း၊ မှင်စွန်းနေသော ဒေါ်လာများကို ဘဏ်များက မည်သည့်အတွက်ကြောင့် လက်မခံခြင်းနှင့် ကမ္ဘာလှည့် ခရီးသွားများထံမှ Travellers Cheque များကို လက်ခံနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၁၀။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **"စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။